

# သင်၏ KidCare Anywhere ရက်ချိန်းသို့ တက်ရောက်ခြင်း

Children's Mercy KANSAS CITY

1. သင်၏ တယ်လီဖုန်းမှတစ်ဆင့် ဆေးကုသမှုခံယူသည့် ရက်ချိန်းမရောက်မီ 15 မိနစ်အလိုတွင် သင့်ထံ အီးမေးလ် သို့မဟုတ် စာတိုဖြင့် ပို့ထားသည့် လင့်ခ်ကို နှိပ်ပါ။
    - ထိုပေးပို့ထားသော လင့်ခ်ကို အခြားသူများထံ မမျှဝေပေးပါနှင့်။ ဤလင့်ခ်ကို လူပုဂ္ဂိုလ် 1 ဦးသာ ဝင်ရောက်သုံးစွဲနိုင်ပါသည်။
        - အွန်လိုင်းမှတစ်ဆင့် ဆေးခန်းပြသမှုတွင် အခြားသူများ ပါဝင်တက်ရောက်လိုပါက ဆေးခန်းပြသမှုစတင်သည်နှင့် ဝန်ဆောင်မှုပေးသူအား ပြောပြပေးပါ။




2. သင်၏ အင်တာနက်ဘရောက်ဇာ သို့မဟုတ် ဖုန်းတွင် KidCare Anywhere ကို ဖွင့်ပေးသွားပါမည်။
    - Google Chrome အင်တာနက်ဘရောက်ဇာ အသုံးပြုရန် အကြံပြုပါသည်။

3. Continue ကို နှိပ်ပါ။




4. အွန်လိုင်းမှတစ်ဆင့် ဆေးခန်းပြသမှု မစတင်မီ KidCare Anywhere သည် သင်၏ အင်တာနက်ဆက်သွယ်မှု၊ မိုက်ခရိုဖုန်းနှင့် ကင်မရာတို့ အလုပ်လုပ်ခြင်းရှိမရှိ စမ်းသပ်ပေးသွားမည်ဖြစ်သည်။

   - KidCare Anywhere ကို သင်၏ မိုက်ခရိုဖုန်းနှင့် ကင်မရာ အသုံးပြုခွင့်ပေးရန် Allow ကို နှိပ်ပေးပါ။





   - သင်၏ ကင်မရာ အလုပ်လုပ်ပါက စမ်းသပ်နေစဉ်အတွင်း စခရင်ပေါ်တွင် သင်ရုပ်ကို သင်မြင်တွေ့ရနိုင်ပါမည်။ စမ်းသပ်မှု ပြီးဆုံးသွားသည့်အချိန်တွင် Proceed ကို နှိပ်ပေးပါ။




5. သင့်ကို အင်တာနက်ပေါ် ရှိ စောင့်ဆိုင်းရန်အခန်းအတွင်း နေရာချထားပေးမည်ဖြစ်သည်။ ဝန်ဆောင်မှုပေးသူသည် သင့်အချက်အလက်ကို သုံးသပ်ပြီးနောက်တွင် အွန်လိုင်းမှတစ်ဆင့် ဆေးခန်းပြသမှုတွင် တက်ရောက်ပေးပါမည်။

   - အွန်လိုင်းမှတစ်ဆင့် ဆေးခန်းပြသနေစဉ်အတွင်း အခြားအက်ပ်များသုံးရန်ဖြစ်စေ၊ ဖုန်းခေါ်ရန် သို့မဟုတ် စာတိုပို့ရန်ဖြစ်စေ KidCare Anywhere စခရင်မှ ထွက်ခြင်း သို့မဟုတ် စခရင်ကို ချုံ့ခြင်း မပြုပါနှင့်။




# သင်၏ KidCare Anywhere ရက်ချိန်းသို့ တက်ရောက်ခြင်း

Children's Mercy KANSAS CITY

## ခေါ်ဆိုမှုအတွင်း ညွှန်ကြားချက်များ

- **ကင်မရာနှင့် မိုက်ခရိုဖုန်း**
  - သင့်ကင်မရာနှင့် မိုက်ခရိုဖုန်း ဖွင့်ထားပြီး ဖြစ်ပါစေ။ ၎င်းတို့အား ဖွင့်ရန်နှင့် ပိတ်ရန် ခလုတ်များကို နှိပ်ပါ။
    - ဖွင့် 

    - ပိတ် 

  - သင့်ကင်မရာနှင့် မိုက်ခရိုဖုန်းကို ပြောင်းလဲရန်-
    1. အွန်လိုင်းမှတစ်ဆင့် ဆေးခန်းပြသနေစဉ်အတွင်း စခရင်ဘေးရှိ စက်သွားပုံခလုတ်ကို နှိပ်ပါ။



    2. သင်သုံးစွဲလိုသော စက်ပစ္စည်းကို ရွေးရန် ကင်မရာ သို့မဟုတ် မိုက်ခရိုဖုန်း ဆွဲချမီနူးကို သုံးပါ။




- **စာပို့ရန်**
  - အွန်လိုင်းမှတစ်ဆင့် ဆေးခန်းပြသနေစဉ်အတွင်း ဝန်ဆောင်မှုပေးသူထံသို့ စာသား မက်ဆေ့ချ် ပို့နိုင်သည်။
  - စာပို့ရန်အတွက် Chat ခလုတ်ကို နှိပ်ပါ။ ပေးပို့လိုသော မက်ဆေ့ချ် ရိုက်ပြီး Send ကို နှိပ်ပါ။



- **အွန်လိုင်းမှတစ်ဆင့် ဆေးခန်းပြသမှု အဆုံးသတ်ခြင်း**
    - အွန်လိုင်းမှတစ်ဆင့် ဆေးခန်းပြသမှုကို အဆုံးသတ်ရန် End Call ခလုတ်ကို နှိပ်ပါ။



    - အွန်လိုင်းမှတစ်ဆင့် ဆေးခန်းပြသရန် ခေါ်ဆိုမှု အဆုံးသတ်ပြီးချိန်၌ ပြန်လည်ဝင်ရောက်လိုပါက သင့်ထံ အီးမေးလ် သို့မဟုတ် စာတိုမှတစ်ဆင့် ပေးပို့ထားသော လင့်ခ်ကိုနှိပ်၍ ပြန်လည်ဝင်ရောက်ပေးပါ။ အွန်လိုင်းမှတစ်ဆင့် ဆေးခန်းပြသမှု ပြီးဆုံးပြီးနောက် 5 မိနစ်အတွင်းသာ ထိုလင့်ခ်မှတစ်ဆင့် ဝင်ရောက်နိုင်ပါသည်။


## ပြစ်ချက်ရှာခြင်း

- **ကင်မရာနှင့် မိုက်ခရိုဖုန်း ပြဿနာများ ကြုံတွေ့နေရသည်။**
    - သင်၏ အင်တာနက်ဘရောက်ဇာကို သင့်မိုက်ခရိုဖုန်းနှင့် ကင်မရာ အသုံးပြုခွင့်ပေးထားပြီး ဖြစ်ပါစေ။


1. Settings ကို ဖွင့်ပါ။





2. အက်ပ်ဆက်တင်ဖွင့်ရန် အထက်အောက်ဆွဲရွှေ့ပြီး Apps ကို ရှာ၍ နှိပ်ပါ။




3. သင်အသုံးပြုသော အင်တာနက်ဘရောက်ဇာကို ရှာ၍ ထိုအက်ပ်ကို နှိပ်ပါ။





4. Permissions ကို နှိပ်ပါ။





5. ဤမီနူး၌ ခွင့်ပြုထားသည့် အရာများနှင့် ငြင်းပယ်ထားသည့် အရာများကို ပြသပေးပါသည်။




- မိုက်ခရိုဖုန်းနှင့် ကင်မရာတို့သည် Denied အောက်တွင်ရှိနေလျှင် ထိုဆက်တင်ကို ပြင်ဆင်ရန်အတွက် နှိပ်ပါ။




- ကင်မရာနှင့် မိုက်ခရိုဖုန်း အသုံးပြုခွင့်ပေးရန် ဆက်တင်ကို ပြောင်းပါ။



# သင်၏ KidCare Anywhere ရက်ချိန်းသို့ တက်ရောက်ခြင်း

- အွန်လိုင်းမှတစ်ဆင့် ဆေးခန်းပြသရန် လင့်ခ်ကို ရှာမတွေ့ပါ။
  - ဝင်ရောက်ရန်လင့်ခ်ကို အွန်လိုင်းမှတစ်ဆင့် ဆေးခန်းပြသမည့်အချိန်မရောက်မီ သင့် အီးမေးလ်နှင့် ဖုန်းသို့ 3 ကြိမ်တိုင်တိုင် ပို့ထားပါသည်။
    - ရက်ချိန်းရောက်ချိန်
    - ရက်ချိန်းမရောက်မီ 24 နာရီအလို
    - ရက်ချိန်းမရောက်မီ 15 မိနစ်အလို
- ထိုပေးပို့ထားသော လင့်ခ်ကို အခြားသူများထံ မမျှဝေပေးပါနှင့်။ ဤလင့်ခ်ကို လူပုဂ္ဂိုလ် 1 ဦးသာ ဝင်ရောက်သုံးစွဲနိုင်ပါသည်။ အွန်လိုင်းမှတစ်ဆင့် ဆေးခန်းပြသမှုတွင် အခြားသူများ ပါဝင်တက်ရောက်လိုပါက ဆေးခန်းပြသမှုစတင်သည်နှင့် ဝန်ဆောင်မှုပေးသူအား ပြောပြပေးပါ။
- သင့်စာတို သို့မဟုတ် အီးမေးလ်တွင် “Visitnow” ကို ရိုက်ထည့်ပြီး ရှာပါ။
    - သင့် Junk သို့မဟုတ် Spam အီးမေးလ် ဖိုင်တွဲများတွင် သေချာစစ်ဆေးပါ။




နည်းပညာဆိုင်ရာ အကူအညီရယူလိုပါက (816) 302-7895 သို့ ဖုန်းခေါ်ပါ

သင့်ရက်ချိန်းကို ပြန်လည်ချိန်းဆိုရန် (816) 234-3700 သို့ ဖုန်းခေါ်ပါ